# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၅၇)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ၊ ၂၂–၈–၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။ စာမျက်နှာ ၃ သို့ ✪



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်း နေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၅ ရက်အတွင်း နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ ကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၉ သို့ ○



## တိုင်းဒေသကြီးအဆင့် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ဝါခေါင် လဆန်း ၁ ရက်နေ့မှစတင်ပြီး ဝါခေါင်လပြည့်နေ့ အထိ ကျင်းပလေ့ရှိသည့် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာသည် ကရင်တိုင်းရင်းသား ဘိုးဘွားများ၏ အစဉ်အလာမပျက် လက်ဆင့်ကမ်းကျင်းပခဲ့ကြသည့် ရိုးရာအမွေ အနှစ်တစ်ခုဖြစ်ပြီး ချည်ဖြူဖွဲ့မင်္ဂလာကျင်းပ ခြင်းဖြင့် မကောင်းသည့် ဖြစ်ပျက်မှု၊ ဖြစ်စဉ်၊ အကြောင်းအရာများ ပျောက်ပျက်၍ ကောင်းမွန် သည့် မင်္ဂလာတရားများ မိမိတို့ထံသို့ သက်ဝင် ရောက်ရှိလာစေရန် ရည်ရွယ်၍ ဆောင်ရွက် ကြသည့် ပွဲတော်တစ်ခုဖြစ်သည်။

စာမျက်နှာ ၄ သို့ ❖

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မိုး/ဧလ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

## မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ

မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်း၏ အရေးပါသည့် အစိတ် အပိုင်းဖြစ်ပြီး အများနှင့်နည်းတူ တူညီသည့် အခွင့်အရေးများ ရရှိ ခံစားပိုင်ခွင့်ရှိအောင် ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများကို အပြည့်အဝအကောင်အထည် ဖော်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် သွားလာရေး အခွင့်အလမ်းများ တူညီစွာဖန်တီးပေးနိုင်ရန် ကြိုးစားဆောင်ရွက် လျက်ရှိသည်။

မသန်စွမ်းမှု အမျိုးအစားအလိုက် ကွဲပြားနေသည့် မသန်စွမ်း သူများနှင့် ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးနေကြသည့် မိဘ ဆွေမျိုးများ သိရှိထားသင့်သည့် အချက်အလက်များနှင့် အကူ အညီရယူရန် လိုအပ်သည့် အချက်အလက်များကို စိစစ်ဖော်ထုတ်ပြီး လူထုကိုမျှဝေနိုင်ရန် အမျိုးသားကော်မတီကတစ်ဆင့် ဆောင်ရွက် ကြရန်မှာကြားလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ အပေါ် လျောင်ပြောင် သရော်မှုပပျောက်စေရန်နှင့် လူ့အခွင့်အရေး အပေါ်အခြေခံသည့် အမြင်ပျံ့နှံ့စေရန်ကိုလည်း ကြိုးစားဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း၊ မသန်စွမ်းသူများဆိုင်ရာအရေးကိစ္စများ ကို ဆောင်ရွက်ရာတွင် လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင် ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ အနေဖြင့် Myanmar National Building Code နှင့်အညီ သတ်မှတ် ဘတ်ဂျက်ခွင့်ပြုငွေအတွင်း ဦးစားပေးကဏ္ဍများ သတ်မှတ်ဖော်ထုတ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မသန်စွမ်းသူများ ပညာသင်ယူနိုင်ရန်နှင့် ဖွံ့ဖြိုးတိုး တက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအနေဖြင့် ဌာနပိုင်ကျောင်း ကိုးကျောင်း ဖွင့် လှစ်ထားရှိပြီး စနစ်တကျ ပြုစုစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ မိမိတို့အစိုးရ၏ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မသန်စွမ်း သက်ငယ် သင်တန်းကျောင်းတစ်ကျောင်းကို ထပ်မံဖွင့်လှစ်ပေးခဲ့ပြီး မသန်စွမ်းကလေးငယ်များကို စတင်စောင့်ရှောက်ပေးနေပြီဖြစ် ကြောင်း၊ မသန်စွမ်းသူများ မှီခိုမှုအနည်းဆုံးဖြင့် ရှင်သန်ရပ်တည်နိုင် ရန် ပညာသင်ယူမှု အပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင် ပြီးချိန်တွင် လက်တွေ့ လုပ်ငန်းခွင်ထဲဝင်ရောက်နိုင်ရန် နိုင်ငံတော် နှင့်အတူ ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ် ကြောင်း၊ မတူညီသည့် မသန်စွမ်းမှုများအလိုက် သာလွန်စွမ်းဆောင် နိုင်မှုအရ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရန် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဒုတိယသမ္မတဒေါ်နန်းနီနီအေးက ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုး သားကော်မတီအစည်းအဝေး(၁/၂၀၂၆)၌ ပြောကြားခဲ့သည်။

နိုင်ငံတော်ကမသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ တူညီစွာဖန်တီးပေးလျက်ရှိပြီး စီးပွားရေးလုပ်ငန်းအပြင် လူမှုအသိုက်အဝန်း၊ ယဉ်ကျေးမှု၊ အား ကစားနှင့် အနုပညာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်သည်။ မသန်စွမ်းသူများသည် သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါ ပိုမိုထိခိုက်ခံစားရနိုင် ခြေမြင့်မားသူများ ဖြစ်ကြသောကြောင့် သဘာဝဘေးလျော့ပါး ရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်း စားဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာဌာန အဖွဲ့ အစည်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်းရေးသားလိုက်ရ ပေသည်။

## မတ္တရာမြို့နယ် တောင်ပြုံးဆုတောင်းပြည့် ဆုတောင်းရဘုရားပွဲတော်နှင့် မင်းနှစ်ပါးပွဲတော် ဖွင့်ပွဲ ကျင်းပ

**မတ္တရာ ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုံး ကျေးရွာတွင် နှစ်စဉ် ဝါခေါင် လဆန်း ၈ ရက်နေ့မှ ၁၅ ရက်နေ့ အထိ ကျင်းပပြုလုပ်သော ဆုတောင်းပြည့်၊ ဆုတောင်းရမြတ်စွာဘုရားပွဲနှင့် တောင်ပြုံးမင်း နှစ်ပါးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက ပွဲတော်မုခ်ဦးရှေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပွဲတော်မုခ်ဦးအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဘုရားရင်ပြင်တော်ပေါ်ရှိ ဓမ္မစကြာ ဗိမာန်တော်၌ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောက်တံတားကျေးရွာမှ ဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။ ဆက်လက်၍ ကြွရောက်လာကြသော ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တသောဘနထံမှ ရေစက်ချ အနုမောဒနာ တရားကို နာယူခဲ့ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းကပ်လှူခဲ့ကြသည်။

တောင်ပြုံးဆုတောင်းပြည့် ဆုတောင်းရဘုရားပွဲတော်နှင့် တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို ရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေရွာသား)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး (Talk Show)ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် Community Centre လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး (Talk Show) ကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ကလေးအလုပ်သမားနှင့်ပတ်သက်၍ မေးမြန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်းက ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်၊ ဘာသာရပ်တစ်ခုစီ၏ သင်ကြားရသည့် အကြောင်းအရင်း၊ ဗလငါးတန်နှင့်ပြည့်စုံဖို့၊ လူရည်ချွန်ကလေးများဖြစ်စေဖို့၊ လူငယ်နှင့်စာဖတ်ခြင်း အကြောင်း၊ စာဖတ်ခြင်းကအသိအလိမ္မာပေးပြီး၊ ဉာဏ်ပညာကို ထက်မြက်စေခြင်း အသက်အရွယ်အလိုက် စာအုပ်များကိုရှာဖွေဖတ်ရှုသင့်ကြောင်း စသည့်များ ပြောကြားခဲ့သည်။

**(အောင်ဇော်မင်း)**

## မြင်းခြံမြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ သင်ကြားပို့ချသည့် လူသုံးကုန်ထုတ်မှုနည်း ပညာသင်တန်းကို ယနေ့ နံနက် ၁၀ နာရီအချိန်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ သဘာဝခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာခဲ/မျက်နှာသစ် ဆပ်ပြာခဲ၊ ဘက်စုံသုံးဆပ်ပြာဆီ ပြုလုပ်နည်းစသည့် ပြုလုပ်နည်းများကို သင်တန်းသား/သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ**

၀-၀-၀-၀-၀

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများကျေးရွာဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အိုင်ကြီးကျေးရွာအုပ်စု၊ တောတွင်ကျေးရွာ၊ ရွာဦးကျောင်းတွင် ယနေ့နံနက် ၉ နာရီက ဒေသခံပြည်သူများဖြင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တွေ့ဆုံခဲ့ကြရာ ၎င်းတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးကိုကိုလွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကော်မတီဝင်များ၊ ရပ်/ကျေးပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ရပ်မိ/ဖများ အင်အား(၂၀)ဦး တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်က မိတ်ဆက်စကားပြောကြားခဲ့ပြီး၊ တက်ရောက် လာကြသူများမှ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။ တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် ဦးကိုကိုလွင်တို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အိုင်ကြီး၊ တောတွင်၊ ကုလားကြီးခြံကျေးရွာ ကျေးရွာချင်းဆက်ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းစတင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါကွန်ကရစ်လမ်း အရှည်သည် ပေတစ်သောင်းနီးပါးရှိပြီး၊ လမ်းအကျယ် ပေ၂၀၊ ထုထည် ၈ လက်မဖြင့်ကိုယ့် အားကိုယ်ကိုး စတင်ဆောင်ရွက်နေကြောင်း သိရသည်။

**(ပြန်/ဆက်)**

**(အောက်ပုံ)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

❂ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် အတူ ဘယ်လာရုစ် အစိုးရအဖွဲ့မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်း တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးပြီး ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် နိုင်ငံတော်သမ္မတတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် သီးသန့်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာ ဘယ်လာရုစ်နိုင်ငံ သမ္မတက လေးစားရပါသော အဆွေတော် သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယမန်နေ့ကလည်း မိမိနှင့် အဆွေတော်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပွင့်လင်းစွာဖြင့် လေးလေးနက်နက် ဆွေးနွေး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါတွင်လည်း တရားဝင် ထပ်မံတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းရပ်များကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိမြေပြင်တွင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပံ့ပိုးကူညီမှုများ ပိုမိုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယမန်နေ့က တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသည် နယ်နိမိတ်ကျယ်ဝန်းသကဲ့သို့ လူဦးရေများပြားပြီး သယံဇာတများ ပေါကြွယ်ဝသည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၅ သန်းခန့်ရှိသည်ဟုသိရှိရပြီး မိမိတို့နိုင်ငံလူဦးရေ၏ ငါးဆခန့် ရှိပါကြောင်း၊ မိမိတို့ဘယ်လာရုစ်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များရှိပါက ဘယ်လာရုစ်နိုင်ငံအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများ မြန်မာနိုင်ငံသို့ ရောက်ရှိလေ့လာခဲ့ပြီး ရင်းနှီးကျွမ်းဝင်မှုလည်း ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် လိုအပ်ချက်များနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အဓိကအားဖြင့် ဘယ်လာရုစ်နိုင်ငံ၏ စက်မှုစိုက်ပျိုးမွေးမြူရေးနည်းပညာနှင့် အတွေ့အကြုံများကို မြန်မာနိုင်ငံအတွက် မျှဝေပေးသွားမည်ဖြစ်ပါကြောင်း။

ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများ အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ရန် အဆင်သင့်ရှိ အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆွေတော်သမ္မတကြီးအနေဖြင့် ပြည်သူများ လိုအပ်သည်များကို ဆောင်ရွက်ပေးသည့်အခါ၌ လိုအပ်ချက်များရှိပါက မိမိတို့ဘယ်လာရုစ်နိုင်ငံ အနေဖြင့် ကူညီပေးရန် အသင့်ရှိပါကြောင်း၊ မိမိတို့ တွေ့ဆုံဆွေးနွေးခဲ့သည့်အချိန်၌ ဆွေးနွေးချက်များကို မိမိတို့အနေဖြင့် မလွဲမသွေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နိုင်ငံနှင့်ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံ အနေဖြင့် စီးပွားရေး၊ နည်းပညာနှင့် အခြားနယ်ပယ်များ အားလုံးတွင် ကန့်သတ်ချက်မထားရှိပါဟု ယခင်က ပြောကြားထားဖူးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ အပြည့်အဝရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး အသိအမှတ်ပြု ချီးကျူးပြောကြားပေးသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် ဘယ်လာရုစ်နိုင်ငံမှ ပြည်သူများ အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးလိုသည့် စိတ်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်သမ္မတကြီး အနေဖြင့် ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ တည်ငြိမ်ရေး အဆွေတော် ဦးဆောင်သည့်အဖွဲ့က ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင်လည်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ထောက်ခံရွေးချယ်ခဲ့သည့်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဩဂုတ် ၂၀ ရက်က ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ အလွတ်သဘော ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

က ဆွေးနွေးပြောကြားရာတွင် အဆွေတော် သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မိမိကိုနွေးထွေးစွာဖြင့် ကြိုဆိုပြီး လက်ခံတွေ့ဆုံသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုလာရောက်သည့် အချိန်တွင် မိမိတို့အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ ပါရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအပါအဝင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးက မြန်မာ ဂုဏ်ယူပါကြောင်း၊ မိမိတို့ ရွေးကောက်ခံ အစိုးရအနေဖြင့် ရော၊ မိမိ၏ ပုဂ္ဂိုလ်ရေးအရရော မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်ဖြစ်သကဲ့သို့ အဆွေတော်တို့နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။ စာမျက်နှာ ၄ သို့ »»»

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပစဉ်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့်လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှု စာချွန်လွှာများလဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံအကြား တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန် အကူအညီပေးရေး သဘောတူညီချက်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကို အဝေးမှ အာရုံခံ စောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ်တစ်စင်း တည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့် မှတ်တမ်းလွှာ၊ မြန်မာအာကာသအေဂျင်စီနှင့် Belarusian State University တို့ အကြား သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့နှင့် The Belarusian Institute of Strategic Research (BISR) တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် JSC “Development Bank of the Republic of Belarus” တို့အကြား ချေးငွေဆိုင်ရာ မူဘောင်သဘောတူစာချုပ်နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)နှင့် ဘယ်လာရုစ်နိုင်ငံ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် အသံလွှင့်ကုမ္ပဏီတို့အကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စသည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက် (၉) ခုတို့ကို ရှုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ သက်ဆိုင်ရာ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ ရှေ့မှောက်၌ လဲလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြပြီး အဆိုပါ ပြောကြားချက်များကို သီးခြားဖော်ပြသွားမည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ သံစုံတီးဝိုင်းက နှစ်နိုင်ငံ တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားများအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက မော်တော်ယာဉ်အနီးသို့ ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို တို့၏ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လဲလှယ်ကြစဉ်။

»»» စာမျက်နှာ ၃ မှ

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု မြှင့်တင်ခြင်းအဖြစ် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဖြစ်သို့ အဆင့်မြှင့်တင် ဖွင့်လှစ်နိုင်မှု၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ အာကာသနည်းပညာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို တို့သည် ဩဂုတ် ၂၀ ရက် ညနေပိုင်းကလည်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ အလွတ်သဘော ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ❖ တိုင်းဒေသကြီးအဆင့်မှ

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအဆင့်ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည် ကိုးချက်တီး၍ ကရင်လူငယ် ကိုးဦးတို့က ကျွဲချိုမှုတ်ကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုအစဉ်အလာကို ကရင်ဘိုးဘွားများက လူငယ်မောင်မယ်များသို့ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ပြီး အစဉ်အလာနှင့်အညီ စဉ်ဆက်မပြတ် ဆောင်ရွက်သွားစေလိုပါကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးသည် လွန်စွာအရေးကြီးသဖြင့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရပ်ရွာအကျိုး၊ ဒေသအကျိုးနှင့် ပြည်ထောင်စုနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်ပြီး ကရင်ရိုးရာဝါခေါင်လ လက်ချည်ပွဲစတင်ရန် ကရင်ဘိုးဘွားများနှင့် ကရင်လူငယ်မောင်မယ်များက လက်ချည်ပွဲအသုံးအဆောင် ခုနစ် မျိုးပါသည့် ဆန်ကောများ သယ်ဆောင်နေရာယူပြီး ကရင်ဘိုးဘွားများက ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အခမ်းအနား တက်ရောက်လာကြသူများအား ချည်ဖြူဖွဲ့ပေးကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန် ပြောကြားချက်များ

(၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၁ ရက်၊ မင့်စ်မြို့)

လေးစားအပ်ပါသော အဆွေတော် သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့တကွ အခမ်းအနားကို တက်ရောက်လာကြသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ချင်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ တွေ့ဆုံမှုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့အတူ ဆွေးနွေးမှုများကို အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့တယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

အဓိကဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ စီးပွားရေးဆိုင်ရာကဏ္ဍများ၊ စိုက်ပျိုးရေးဆိုင်ရာ ကဏ္ဍများ၊ အခြားသော ကဏ္ဍပေါင်းစုံ အခန်းကဏ္ဍများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေကို အကောင်အထည် ဖော်ဖို့အတွက်လည်း ဘယ်လာရုစ်ဘက်က အဆင်သင့်ရှိကြောင်းလည်း ပြောလိုပါတယ်။ လက်ရှိတိုးတက်နေတဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေကို အထောက်အကူပြုသွားမယ်လို့လည်း ပြောလိုပါတယ်။ လက်ရှိ ၂၁ ရာစုမှာ နိုင်ငံရေးသဘောတရားတွေ အများကြီးပြောင်းလဲနေပေမဲ့လည်း ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာရှိတဲ့ ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုကြောင့် နိုင်ငံရေးအရရော၊ စီးပွားရေးအရရော ကဏ္ဍပေါင်းစုံမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီဆွေးနွေးမှုတွေနဲ့ ပတ်သက်လို့ နှစ်စဉ်နှစ်တိုင်း ဆွေးနွေးမှုတွေ ရှိခဲ့ပါတယ်။ အပြန်အလှန် ခရီးစဉ်တွေလည်း သွားရောက်ခဲ့တာဖြစ်ပါတယ်။ အခုနှစ်အတွက် ဆွေးနွေးမှုထဲမှာ အရေးအကြီးဆုံးအချက်ကတော့ နှစ်နိုင်ငံကြားမှာ သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ဖို့အတွက် နှစ်နိုင်ငံကြားမှာ သံရုံးများကို အပြန်အလှန်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်တဲ့အချိန်မှာ ၂၀၂၆-၂၀၂၈ Roadmap ကို အခြေခံပြီးတော့ ပူးပေါင်းဆောင်ရွက်သွားတာဖြစ်ပါတယ်။ ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဖို့အတွက် နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးတွဲကော်မရှင်များနဲ့ အခြားပူးတွဲကော်မရှင်များကနေ အခြေခံပြီးတော့ အဓိကဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုမျိုး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေကို တက်တက်ကြွကြွ ဆောင်ရွက်မှသာ မိမိတို့အနေနဲ့ ရှေ့ဆက်သွားမယ့် ဆက်ဆံရေးမှာလည်း အားလုံးအဆင်ပြေမယ်လို့လည်း ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ လက်ရှိအခြေအနေမှာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနဲ့ သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို လက်တွေ့မြေပြင်မှာ အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ လာမယ့်နှစ်မှာ ခုနကပြောသွားတဲ့ ဒီအချက်အလက်တွေအားလုံးကို ပိုမိုပြီးတော့ မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ မီဒီယာများနှင့် တွေ့ဆုံစဉ်။

ဖို့အတွက် မြန်မာနိုင်ငံက ကျောင်းသားတွေကို ဘယ်လာရုစ်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေမှာ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားသွားမှာဖြစ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံကြားမှာ နှစ်နိုင်ငံပါလီမန်အချင်းချင်း ဆက်ဆံမှု၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြား ဆက်ဆံမှုကိုလည်း ဆက်လက်တိုးမြှင့်သွားမယ်လို့ ပြောလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ အခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ နှစ်နိုင်ငံအပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှာ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတွေတင်မကဘဲ တခြားသောကဏ္ဍများ တိုးတက်ဖွံ့ဖြိုးဖို့ ရည်ရွယ်ပြီးတော့ ဒီကိစ္စကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှုတွေ ပိုမိုများပြားလာမယ်၊ ဆက်သွယ်မှုများပြားလာတဲ့နောက်ပိုင်းမှာ ဆက်ဆံရေးတွေကိုလည်း ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေ့သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ကျေးဇူးတင်ရှိကြောင်းလည်း ပြောလိုပါတယ်။ အဓိကကတော့ သူ့အနေနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်ဆံရေးတွေကို တည်ဆောက်တဲ့အခါမှာ ပုဂ္ဂိုလ်ရေးအရ အားတက်သရော ဆောင်ရွက်ခဲ့သလို မပြောင်းလဲတဲ့သဘောတရားနဲ့ အခုချိန်ထိ ကျွန်တော်တို့အပေါ်မှာ ဆက်ဆံပေးနေတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

အဆွေတော် သမ္မတကြီးခင်ဗျာ ကျွန်တော့်အနေနဲ့ ဒီနေ့ထပ်ပြီးတော့ သတင်းစာရှင်းလင်းပွဲမှာ အာမခံနိုင်တာကတော့ အဆွေတော် သမ္မတကြီးနဲ့ ကျွန်တော်နဲ့ ဒီနေ့ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေ၊ အခုလာရောက်တဲ့ ခရီးစဉ်မှာဆွေးနွေးခဲ့တဲ့ သဘောတူညီချက်တွေအားလုံးကို ကျွန်တော်တို့ ဘယ်လာရုစ်ဘက်ကနေပြီးတော့ ဗျူရိုကရက်တစ်ယန္တရားကို ကျော်လွန်ပြီးတော့ အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မယ်လို့ အာမခံပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော် သမ္မတကြီးအနေနဲ့ ပြောကြားပေးပါခင်ဗျာ။

**အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနဲ့ နှစ်ဖက်ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များအားလုံး မင်္ဂလာပါခင်ဗျာ**

ကျွန်တော့်အနေနဲ့ ဘယ်လာရုစ်သမ္မတကြီးရဲ့ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် စတုတ္ထအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ဟာ ပထဝီအနေအထားအရ အလှမ်းကွာဝေးပေမယ့် သံတမန်ဆက်သွယ်ထားတဲ့ ဆယ်စုနှစ်(၃)ခု နီးပါးကာလမှာ အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုတို့အပေါ် အခြေခံထားတဲ့ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ပါတယ်။

ဒီလိုကောင်းမွန်တဲ့ဆက်ဆံရေးဟာ မကြာသေးမီနှစ်များမှာ အရှိန်အဟုန်နဲ့ ပိုမိုတိုးတက်လာခဲ့ပါတယ်။ နှစ်နိုင်ငံအကြီးအကဲတွေအကြား အပြန်အလှန်ခရီးစဉ်တွေရှိခဲ့ပြီး ခေါင်းဆောင်ပိုင်းသာမက အဆင့်အသီးသီးနဲ့ နယ်ပယ်အသီးသီးမှာပါ နီးကပ်တဲ့ဆက်ဆံမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုနက်ရှိုင်းလာခဲ့တာကို တွေ့ရှိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်ဟာ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းကြောင်းမှာ အလွန်ထူးခြား လေးနက်တဲ့ နှစ်တစ်နှစ်လို့ ပြောချင်ပါတယ်။

၂၀၂၅ ခုနှစ် မတ်လမှာ ကျွန်တော့်အနေနဲ့ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ပြီး နိုဝင်ဘာလမှာ အဆွေတော် သမ္မတကြီးကလည်း မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြန်လည်လာရောက်လည်ပတ်ခဲ့ပါတယ်။

ခရီးစဉ်များအတွင်းမှာ နှစ်နိုင်ငံအနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ယခုခရီးစဉ်မှာလည်း နှစ်နိုင်ငံအကြား သဘောတူစာချုပ်နဲ့ နားလည်မှုစာချွန်လွှာ ၉ ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

သမ္မတကြီးနဲ့ ယနေ့တွေ့ဆုံမှုမှာ ကျွန်တော်တို့ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်များကို အရှိန်အဟုန်နဲ့ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားပါမယ်။

ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးက အရှိန်အဟုန်ကို ထိန်းသိမ်းထားပြီး ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေ ပိုမိုချဲ့ထွင်နိုင်မယ့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြပါတယ်။

ယခုဆိုရင် မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေလည်း ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ နှစ်နိုင်ငံအစိုးရအကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်နိုင်ဖို့ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

အလားတူ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ အာကာသအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမယ့် ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဟာလည်း ဇူလိုင်လအတွင်းက အသက်ဝင်ခဲ့ပြီဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍမှာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာများနဲ့ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှု မြှင့်တင်နိုင်မယ့် အလားအလာများကို ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ သမ္မတနှစ်ဦးဟာ ဒေသတွင်းနဲ့ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ်လည်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြပြီး နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံ အမှီသဟဲပြု ဆက်လက်ရပ်တည်သွားရေးကို ဆွေးနွေးခဲ့ကြပါတယ်။

ယခု ခရီးစဉ်အတွင်းမှာ ထူးခြားချက်တစ်ရပ်ကတော့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မြန်မာသံရုံးအဖြစ် တရားဝင်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဒီနေ့မှာ ဖွင့်လှစ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မကြာခင်မှာ ဘယ်လာရုစ်သံရုံးကို လာရောက်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် ကြိုဆိုလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှကို ချိတ်ဆက်ထားတဲ့ ကုန်းမြေနယ်မြေ ပေါင်းကူးတံတားတစ်ခုသဖွယ်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခုတို့ကို ဆက်စပ်ပေးထားတဲ့အတွက် ပင်လယ်ရေကြောင်းပို့ဆောင်ရေးမှာ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ စိုက်ပျိုးမြေဧက ၃၃ သန်း ကျော်ရှိပြီး လုပ်သားအင်အားနဲ့ ၁၂ လရာသီပတ်လုံး စိုက်ပျိုး မွေးမြူရေးလုပ်လို့ရတဲ့ ကောင်းမွန်တဲ့ ရာသီဥတုရှိပါတယ်။

ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုစတဲ့ကဏ္ဍတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေအနက် စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့က သီလဝါအထူးစီးပွားရေးဇုန်မှာ ဘယ်လာရုစ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံဖို့ကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။

သမ္မတကြီးနဲ့ နှစ်ဖက်ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များခင်ဗျာ - ကျွန်တော်တို့အနေနဲ့ မိတ်ဆွေရင်း၊ မိတ်ဆွေကောင်းဖြစ်တဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့ တိုးတက်ဖြစ်ထွန်းနေတဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို အနာဂတ်ကာလမှာ ဆက်လက်ထိန်းသိမ်းတိုးမြှင့်နိုင်ဖို့ သမ္မတကြီး လူကာရှန်ကို၊ ဘယ်လာရုစ်အစိုးရ၊ ပြည်သူတွေနဲ့ အတူတကွလက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့အား ပူးတွဲတွေ့ဆုံဆွေးနွေး



**တွေ့ဆုံဆွေးနွေး**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့အား မင့်စ်မြို့ အမျိုးသားလွှတ်တော်၌ ပူးတွဲတွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဩဂုတ် ၂၁

ဘယ်လာရုစ် သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့အား မင့်စ်မြို့ အမျိုးသားလွှတ်တော်၌ ပူးတွဲတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော် အဆောက်အအုံသို့ ရောက်ရှိရာ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် အထက်လွှတ်တော် ဥက္ကဋ္ဌတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ နှစ်ဦးတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌တွေ့ဆုံ၍မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံတစ်ခု ဖြစ်မှုနှင့် နိုင်ငံ့ခေါင်းဆောင် အချင်းချင်း ချစ်ကြည်ရင်းနှီးပြီး အပြန်အလှန် ယုံကြည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ခိုင်မာ ကောင်းမွန်လျက်ရှိမှု၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ စာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် နှစ်နိုင်ငံနှင့် လွှတ်တော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ကူညီထောက်ခံ ဆောင်ရွက် ပေးလျက်ရှိမှု၊ ဘယ်လာရုစ်နိုင်ငံတွင် ရွှေကောက်ပွဲကျင်းပစဉ်က မြန်မာနိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်ကလည်း ဘယ်လာရုစ်နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဘယ်လာရုစ်လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှု၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိမှု၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အဖွဲ့အစည်းများ၊ လူငယ်လူရွယ်နှင့် အမျိုးသမီးရေးရာအဖွဲ့အစည်းများ အကြား ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဘယ်လာရုစ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# စိုက်ပျိုးရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မချမ်းဘော ဩဂုတ် ၂၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အင်ဘူးဘော့ကျေးရွာ စိုက်ပျိုးရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်း၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက အဆိုပါကျေးရွာ စိုက်ပျိုးရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အင်ဘူးဘော့ကျေးရွာ၌ စိုက်ပျိုးရေရရှိရေးအတွက် နှစ်လက်မ Pvc အရှည်တစ်မိုင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် Ultimate Concept Construction Co.,Ltd ကုမ္ပဏီမှ ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၄၄ ဒသမ ၇၀၅ သန်းဖြင့် ဩဂုတ် ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အင်ဘူးဘော့ကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူးထံမှ သိရသည်။

**အောင်ရဲကျော်**

# အမရပူရမြို့နယ်၌ ဖီးကြမ်းငှက်ပျောပင် စိုက်ပျိုးပွဲကျင်းပ

အမရပူရ ဩဂုတ် ၂၁

မန္တလေး၊ အမရပူရမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း ရွှေကြက်ယက်၌ ကျောင်းသား၊ ကျောင်းသူများ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြု အာဟာရဖြည့်စွက်စာ ငှက်ပျောသီး ကျွေးမွေးနိုင်ရန်အတွက် ဖီးကြမ်းငှက်ပျောပင်များ စိုက်ပျိုးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်းတို့က စိုက်ပျိုးမည့် ငှက်ပျောပင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပေးအပ်ပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက ဖီးကြမ်းငှက်ပျောပင်ကို ဦးဆောင် စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဖီးကြမ်းငှက်ပျောပင် ၁၂၆ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**လှဲ့လှဲ့ခိုင်(အမရပူရ)**

*-*-*-*-*-*-*



**အယ်လ်နီညိုမှ**

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ မြန်မာသံရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့က မြန်မာသံရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

နေပြည်တော် ဩဂုတ် ၂၁

ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ရှိ သံတမန်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ သံရုံးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် သံရုံးဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်ပြီး အလေးပြုကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့က မြန်မာသံရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက သံရုံးဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ပြီး သံအမတ်ကြီးက ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား သံရုံးဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံ သံတမန်ခန်းမ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဘယ်လာရုစ်နိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက နိုင်ငံတော်သမ္မတထံ နိုင်ငံတော်သမ္မတ၏ ပုံတူပန်းချီကားကို လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင့်စ်မြို့ရှိ သံတမန်ဇုန် မြေနေရာ၌ မြန်မာသံရုံးဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင့်စ်မြို့ရှိ မြန်မာသံရုံးဖွင့်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။




## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး(Talk Show) ကျင်းပ

ချောက် ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေး(Talk Show)ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမ္မွန်က မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ကလေးအလုပ်သမားအဓိပ္ပာယ်ဖွင့်ဆိုချက်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်၊ အလုပ်ချိန်ကန့်သတ်ချက်နှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် လူမှုဝန်ထမ်းဦးစီးဌာန ချောက်မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်နှင်းမမဝင်းက ပြန်လည်ရှင်းလင်းကာ အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

ကျော်မိုး(ပြန်/ဆက်)

## မင်းဘူးမြို့၌ ရေဝတီမြစ်ရေကျဆင်း၍ ပြန်လည်ပြောင်းရွှေ့နေထိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

မင်းဘူး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေ သိသိသာသာပြန်လည်ကျဆင်းသွားပြီဖြစ်၍ မြစ်ရေဝင်ရောက်ခဲ့သည့် မြို့ပေါ်ရပ်ကွက်ရှိ လူနေအိမ်များနှင့် လမ်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အိမ်ထောင်စုဝင်များ ပြန်လည်ပြောင်းရွှေ့နေထိုင်ရေးလုပ်ငန်းများကို ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မင်းဘူးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့အစည်းများက မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်အတွင်းရှိ လူနေအိမ်များနှင့် လမ်းများတွင် မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့်အတွက် ယခုအခါ ဧရာဝတီမြစ်ရေ သိသိသာသာပြန်လည်ကျဆင်းသွားပြီ ဖြစ်သောကြောင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်ပြောင်းရွှေ့နေထိုင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည်။

မင်းဘူးမြို့၌ ဩဂုတ် ၁၁ ရက်မှစတင်ပြီး ဧရာဝတီမြစ်ရေမြင့်တက်ကာ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက်ရှိ မြို့ပေါ်ရပ်ကွက်များတွင် မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ မြစ်ရေဝင်ရောက်မှုကြောင့် ရေဝင်ပြောင်းရွှေ့စခန်း ခုနစ်ခုဖွင့်လှစ်၍ ကြိုတင်ပြောင်းရွှေ့ပေးခဲ့ရာ ယခုအခါ မြစ်ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သောကြောင့် တပင်ရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်းစခန်း၊ အမှတ်(၃)ရပ်ကွက် မြသိန်းတန်ဘုရားနှင့် အမှတ်(၁)ရပ်ကွက် မဟာစည်ကျောင်းတိုက်ရှိ ရေဝင်ပြောင်းရွှေ့ စခန်းသုံးခုမှ အိမ်ထောင်စုပေါင်း ၂၅၄ စု၊ လူဦးရေပေါင်း ၁၀၉၀ ဦးကို မိမိတို့နေထိုင်ရာ ရပ်ကွက်နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။

မင်းဘူးမြို့၌ ဧရာဝတီမြစ်စိုးရိမ်ရေအမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး ယခင်ရက်များက ဧရာဝတီမြစ်ရေသည် ၁၆၈၀ စင်တီမီတာအထိ မြင့်တက်ခဲ့ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၌ ၁၅၆၄ စင်တီမီတာအထိ သိသိသာသာကျဆင်းသွားပြီဖြစ်ကြောင်း၊ မြစ်ရေကျဆင်းမှုနှင့်အတူ ရေဝင်ပြောင်းရွှေ့စခန်းများမှ အိမ်ထောင်စုဝင်များကို မိမိတို့ နေထိုင်ရာဒေသများသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်နိုင်စေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

(၅၀၄)

# အနေဝေးသော်လည်း သွေးမဝေးသော ယုံကြည်စိတ်ချအားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ

(ယမန်နေ့မှအဆက်)

မောင်ငြိမ်းအေး ~~~~~~

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၄၅ ရက်အကြာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်လာခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း ၇၈ နှစ်ရှိပြီဖြစ်သည်။ နှစ်ပေါင်း ၇၈ နှစ်တာကာလအတွင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမှာ တစ်စထက်တစ်စ မြင့်မားတိုးတက်လာခဲ့သည်။ မြန်မာ-ရုရှားနှစ်နိုင်ငံသည် ပထဝီအနေအထားအရ သမုဒ္ဒရာများ၊ တိုက်ကြီးများခြားနားနေသော်လည်း သွေးချင်းနီးသည့် ညီအစ်ကိုအရင်းအချာ မိတ်ဆွေသူငယ်ချင်းကဲ့သို့ ဆက်ဆံနေထိုင်လျက်ရှိသည်။ နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ်အခြေခံပြီး နီးကပ်သည့်ဆက်ဆံရေးကို တည်ဆောက်လာခဲ့သည်မှာ စိန်ရတုကာလကိုပင် ကျော်လွန်လာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးသည့် မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိနေသည်။ ပထဝီနိုင်ငံရေးအရသာမက စီးပွားရေးအရ အလွန်အရေးပါသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို တရုတ်၊ လာအို၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် လူဦးရေ ၅၁ သန်းကျော်ရှိပြီး ရုရှားနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့်အတူ ရုရှားနိုင်ငံနှင့် နှစ်ပေါင်းရှည်ကြာ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှုတို့ဖြင့် ဆက်ဆံရေးကို ထိန်းသိမ်းမြှင့်တင်လာခဲ့ရာ မျက်မှောက်ကာလတွင် နှစ်နိုင်ငံဆက်ဆံရေးသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်သို့ တိုးတက်ရောက်ရှိလာသည်။ ရုရှား-မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံအစိုးရများအကြား ဆက်ဆံရေးသာမက နှစ်နိုင်ငံပြည်သူများနှင့် စီးပွားရေးအသိုက်အဝန်းများအကြားတွင် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများပင်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၁၉ ရက်တွင် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။ "ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးသည် Supply Chain ပြောင်းလဲမှုများ၊ နည်းပညာတိုးတက်မှုများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကြောင့် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့ပထဝီစီးပွားရေးစိန်ခေါ်မှုများ မြင့်မားနေသည့်ကာလအတွင်းမှာပင် အပြန်အလှန် နားလည်ယုံကြည်မှုတို့ဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုအခြေပြုပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွယ်မှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အနာဂတ်မျှော်မှန်းချက်များအတွက် အဓိကကျသည့် အင်အားများဖြစ်ပါကြောင်း" ဦးစွာပြောကြားခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားမှုများမှာ စိတ်ဝင်စားစရာဖြစ်သည်။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၁၉ ရက်က မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၌ကျင်းပသည့် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် အဖွင့်အမှာစကားပြောကြားစဉ်။

### အရင်းအမြစ်များပိုင်ဆိုင်

မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်များစွာရှိသည်။ လူသားအရင်းအမြစ်များ မြှင့်တင်ရေးတွင် ရုရှားနိုင်ငံအနေဖြင့် ၂၀၀၁ ခုနှစ်မှစတင်ပြီး မြန်မာကျောင်းသား ၇၀၀၀ ကျော်ကို နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ၊ စီမံခန့်ခွဲမှုစသည့် ပညာရပ်များ သင်ကြားပေးခဲ့သည်။ မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသည့် မုတ်သုံရာသီရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ၁၂ လရာသီ လုပ်ကိုင်နိုင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များအသုံးပြုကာ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မြေအောက်သယံဇာတကိုအခြေခံပြီး သန့်စင်ထားသည့် တန်ဖိုးမြင့်သတ္တုထုတ်ကုန်များကို ထုတ်လုပ်နိုင်သည်။ ကြေးနီ၊ ရွှေ၊ ငွေနှင့် အခြားသတ္တုပစ္စည်းများထွက်ရှိသည်။ ဒေသအချို့တွင် ကျောက်မီးသွေးထွက်ရှိသဖြင့် ကျောက်မီးသွေးကို အခြေခံသည့် လျှပ်စစ်ဓာတ်အားနှင့် မြေသြဇာထုတ်လုပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်သည်။

နှစ်နိုင်ငံကုန်သွယ်မှုတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် သရက်သီးအနှစ်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အဝတ်အထည်များကို ရုရှားနိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည်။ ရုရှားနိုင်ငံမှ စက်သုံးဆီနှင့် ဓာတ်မြေသြဇာများကို အဓိကတင်သွင်းသည်။ မြန်မာ့ထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ပေါ်ဆန်းသည် ဈေးကွက်ဝင်ထိပ်တန်းဆန်အမျိုးအစားဖြစ်သည်။ လက်ရှိတွင် ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စက်မှုကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၃၅၉ သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ စက်မှုလုပ်ငန်း၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့တွင် ပိုမိုနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

### ဒီဂျစ်တယ်လမ်းပြမြေပုံ

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင် ပြုပြင်ပြောင်းလဲရန်၊ သင့်တော်သည့်မူဝါဒဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေးဖိတ်ခေါ်လျက်ရှိပြီး ရေရှည်တည်တံ့မည့် ဂေဟာစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှုရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးနေသည်။ ဥပမာ လျှပ်စစ်သုံးယာဉ်(EV)များ တိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်ခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိသည်။ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိပြီး မြန်မာဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းမြေတွင် ခိုင်မာသည့် ပြည်တွင်းဈေးကွက်ရှိသည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာဆီယံနိုင်ငံများ၏ ကြီးမားသည့် နိုင်ငံတကာဈေးကွက်ထဲသို့ ကုန်းလမ်းကြောင်းသာမက ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမပင်လယ်ကွေ့တစ်လျှောက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းများမှတစ်ဆင့် ဝင်ရောက်နိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူထားသည့်မဟာဗျူဟာမြောက် တစ်ခုတည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဗဟိုချက်/ဆုံချက် (Choke Point) ဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးဈေးကွက်များဖြစ်သည့် လူဦးရေ ၁ ဒသမ ၄၇ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေ ၁ ဒသမ ၄၁ ဘီလီယံရှိသည့် တရုတ်နိုင်ငံအပြင် လူဦးရေသန်း ၆၆၀ ကျော်ရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် အရှေ့တောင်အာရှနှင့် အာရှဈေးကွက်နှစ်ခုကို တံတားသဖွယ် ဆက်သွယ်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက်၊ အရှေ့အနောက်စီးပွားရေးစင်္ကြံ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အလယ်ဗဟိုတွင် တည်ရှိနေသည်။ ပထဝီအနေအထားအရ ဒေသတွင်း၌ အရေးပါသည့် မြန်မာနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်ရေးသဘော တူညီချက်များမှတစ်ခုဖြစ်သည့် Regional Comprehensive Economic Partnership (RCEP) တွင် မြန်မာနိုင်ငံပါဝင်နေသည့်အတွက် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ စသည့်နိုင်ငံများနှင့် ကုန်သွယ်ရေးချိတ်ဆက်မှု အခွင့်အလမ်းများ ပိုင်ဆိုင်ထားသည်။

### တန်ဖိုးမြှင့်ကုန်ထုတ်လုပ်

မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာရှိပြီး သဘာဝသယံဇာတနှင့် ရေချို၊ ရေငန်အရင်းအမြစ်များပေါ်များသည်။ မွေးမြူရေးထုတ်ကုန်များကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်ပြီး အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနိုင်ငံသို့လည်း တင်ပို့နိုင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ တည်နေရာ အားသာချက်များကို အခြေပြုပြီး စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုနိုင်ငံအဖြစ် ဦးတည်ဖော်ဆောင်နေသည်။ ထို့ကြောင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးရေးသုံးစက်ယန္တရားများ၊ မျိုးစေ့ထုတ်လုပ်မှုနည်းပညာ၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့်

စာမျက်နှာ ၉ သို့ ✪

❝ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များသာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး ပင်လယ်ရေကြောင်းရှိသည့်အတွက် ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများဆောင်ရွက်ရန် အကောင်းဆုံးရွေးချယ်မှုဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ပူးပေါင်းပြီး စတင်အကောင်အထည်ဖော်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါသည့်နေရာဖြစ်လာမည် ❞

✪ စာမျက်နှာ ၈ မှ

ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိသည်။ ရုရှားနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့်ပူးပေါင်း၍ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ စားသုံးဆီ၊ စားသောက်ကုန်၊ ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှု စက်ရုံများတည်ထောင်ခြင်း၊ လိုအပ်သည့်စက်ယန္တရားများထုတ်လုပ်ခြင်းစသည့် နည်းပညာအခြေပြု စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်သည်။ အလားတူ အအေးခန်းသိုလှောင်ရုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများရှိသည်။

အထူးသဖြင့် ရေနံတူးဖော်ထုတ်လုပ်ခြင်း၊ ရေနံသန့်စင်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများနှင့် ဓာတ်မြေသြဇာထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့် အထောက်အပံ့ကောင်းများရှိသည်။ မြန်မာနိုင်ငံတွင် အဓိကမြစ်ကြီးလေးခုအပါအဝင် မြစ်ချောင်း ၁၀၀၀ ကျော်ရှိပြီး နှစ်စဉ်မုတ်သုံမိုးရွာသွန်းမှုသည် မီလီမီတာ ၂၀၀၀ မှ ၅၀၀၀ အကြားရှိသည့်အတွက် ရေအားလျှပ်စစ်ထုတ်ယူရန် အလားအလာကောင်းများရှိသည်။ သုတေသနပြုချက်များအရ ရေအားလျှပ်စစ်ထုတ်ယူနိုင်မှု အလားအလာအနေဖြင့် ၁၀၀ ဂစ်ဂါဝပ်ရှိပြီး စီးပွားဖြစ်ထုတ်ယူနိုင်မှုအလားအလာအနေဖြင့် ၄၀-၅၀ ဂစ်ဂါဝပ်ရှိသည်။ နေရောင်ခြည်စွမ်းအင် လုံလောက်စွာရရှိသည့် "အပူပိုင်းဒေသ နေရောင်ခြည်ခါးပတ်ကွင်း" အတွင်း ကျရောက်နေသဖြင့် အလားအလာအကောင်းဆုံးဖြစ်သည်။ နေရောင်ခြည်စွမ်းအင်သုံးပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၅၁၉၇၃ ဒသမ ၈ တယ်ရာဝပ်နာရီ (TWh/year) အထိ ထုတ်လုပ်နိုင်စွမ်းရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းများသည် ဆိုလာစွမ်းအင်ကို တစ်နှစ်ပတ်လုံး အမြင့်ဆုံး ထုတ်ပေးနိုင်သည့် နေရာများဖြစ်သည်။

### ခရီးသွားလုပ်ငန်းမြှင့်တင်

ခရီးသွားလုပ်ငန်းတွင် နေပြည်တော်၌ ကမ္ဘာ့ညဏ်တော်အမြင့်ဆုံး မာရဝိဇယထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီများ၊ ရန်ကုန်မြို့တွင် ထင်ရှားကျော်ကြားသော ရွှေတိဂုံစေတီတော်၊ ပဲခူးမြို့တွင် တောင်ငူခေတ် ကမ္ဘောဇသာဒီနန်းတော်ရာ၊ မန္တလေးမြို့တွင် ကုန်းဘောင်ခေတ် မြနန်းစံကျော်ရွှေနန်းတော်ကြီးစသည့် လေ့လာလည်ပတ်စရာ နေရာများစွာရှိသည်။ မြန်မာနိုင်ငံတွင် ထင်ရှားသည့် ပင်လယ်ကမ်းခြေများရှိပြီး ရာသီဥတုမျှတကောင်းမွန်သည့် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ကာလများသည် လာရောက်လည်ပတ်အနားယူရန် အကောင်းဆုံးအချိန်များဖြစ်သည်။ အမျိုးသားအမွေအနှစ်နယ်မြေများဖြစ်သည့် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး၊ ပုဂံ၊ အင်းဝစသည့် ရှေးဟောင်းယဉ်ကျေးမှုနေရာများသည် သမိုင်းအစဉ်အလာကြီးမားပြီး စိတ်ဝင်စားဖွယ်ယဉ်ကျေးမှုများ၊ လှပသည့်ရှုခင်းရှိရာနေရာများဖြစ်သည်။ ပြည်ဝင်ခွင့်နှင့်ပတ်သက်ပြီး ရုရှား-မြန်မာ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ရက်ပေါင်း ၉၀ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ရရှိစေမည့် အပြန်အလှန်ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သည် ၂၀၂၆ ခုနှစ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဩဂုတ် ၁၉ ရက်က ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ဇန်နဝါရီ ၂၇ ရက်တွင် စတင်အသက်ဝင်ပြီး အလုပ်လုပ်ကိုင်ရန်၊ ပညာသင်ရန်၊ အမြဲတမ်းနေထိုင်ရန်စသည့်ရည်ရွယ်ချက်များမှအပ ခရီးသွားလည်ပတ်သူများအတွက် ရက်ပေါင်း ၃၀ ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးဝန်းကျင်တွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အားကောင်းနေသည်။ ဒီဂျစ်တယ်နည်းပညာတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းတွင် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ အိုင်စီတီနည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံ၏ ပထမဆုံးနှင့်အကြီးမားဆုံး ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပြင်ဦးလွင်မြို့အနီးတွင် ဖွင့်လှစ်ထားသည်။ ပြင်ဦးလွင်မြို့သည် သင့်တင့်မျှတသည့် ရာသီဥတု၊ သာယာလှပသည့် ပတ်ဝန်းကျင်များရှိသည့်အတွက် အနားယူအပန်းဖြေစရာ တောင်ပေါ်မြို့တော်ဟု ထင်ရှားသည်။ ရတနာပုံဆိုက်ဘာစီးတီးတွင် မြန်မာနိုင်ငံ၏ အဓိကအင်တာနက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ဗဟိုဌာနတစ်ခုကို Yadanarpon Teleport က တည်ဆောက်ထားသည်။ စီမံကိန်းဧရိယာသည် ၄၀၄၇ ဟက်တာခန့် ကျယ်ဝန်းသည့်အတွက် အိုင်တီလုပ်ငန်းသစ်(Startups)များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများ၊ လုပ်ငန်းစတင်ပျိုးထောင်ရေးဗဟိုဌာနများ၊ ပညာရေးဇုန်ဖြစ်သည့် နည်းပညာတက္ကသိုလ်များနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။ နည်းပညာနှင့်ပတ်သက်သည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် High-Tech Zone အဖြစ် ထည့်သွင်းသတ်မှတ်ထားသည်။ ထို့ကြောင့် အစိုးရဝန်ဆောင်မှုများအား ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု AI အသုံးချမှုများ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင် ဖော်ဆောင်ရေးတို့တွင် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်သည်။

### မဟာဗျူဟာမြောက်စီမံကိန်း

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များသာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များရှိသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး ပင်လယ်ရေကြောင်းရှိသည့်အတွက် ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများဆောင်ရွက်ရန် အကောင်းဆုံးရွေးချယ်မှုဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ပူးပေါင်းပြီး စတင်အကောင်အထည်ဖော်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အနာဂတ်တွင် မဟာဗျူဟာမြောက်အရေးပါသည့်နေရာ ဖြစ်လာမည်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးစီမံကိန်းအပြင် LNG Terminal၊ ရေနံချက်စက်ရုံ၊ ဓာတ်အားပေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့ကိုအခြေခံသည့် အဆောက်အအုံအဆင့်မြှင့်တင်ရေး စီမံကိန်းများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမြောက်စီမံကိန်းများဖြစ်သည်။ အလားတူ မြန်မာနိုင်ငံ၏အရေးပါသည့် သတ္တုသယံဇာတများနှင့် သဘာဝအရင်းအမြစ်များကို ခေတ်မီတူးဖော်ရေးနည်းပညာများအသုံးပြုထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းလုပ်သားများ၏ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုမည်ဖြစ်သည်။

### အခွင့်အလမ်းများဖန်တီး

ဘဏ်လုပ်ငန်း၊ ငွေကြေးလဲလှယ်မှုနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံ၏ အစိုးရဘဏ် ခုနစ်ခုနှင့် ပုဂ္ဂလိကဘဏ် ၂၅ ခုတို့သည် နိုင်ငံတကာဘဏ်များ၊ အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ ငွေကြေးလဲလှယ်မှုများကို ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းနှင့် ငွေပေးချေမှုစနစ်များ ပိုမိုလွယ်ကူချောမွေ့စေရန် လုပ်ငန်းရှင်များအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရုရှားနိုင်ငံ၏ ငွေပေးချေမှုစနစ်ဖြစ်သည့် Mir Card System ကို မြန်မာနိုင်ငံ၏ Myanmar Payment Union (MPU) ကွန်ရက်နှင့် တိုက်ရိုက် Host-to-Host ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်သည်။ နှစ်နိုင်ငံကုန်သွယ်မှုကို လွယ်ကူချောမွေ့စေပြီး စီးပွားရေးလုပ်ငန်းများအတွက် ငွေလွှဲပြောင်းမှုကုန်ကျစရိတ်များ လျှော့ချနိုင်ရန် ကျပ်-ရူဘယ် တိုက်ရိုက်အသုံးပြု ငွေပေးချေမှုများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ အဆိုပါစနစ်သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းရန် အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ ထို့အတူ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရန်အတွက် မြန်မာ - ရုရှား ကုန်သွယ်ရေးရုံးများတည်ထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာအနေဖြင့် ရုရှားနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ခြင်းအပြင် ဥရောပ - အာရှစီးပွားရေးသမဂ္ဂ (EAEU)နှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ထုတ်လုပ်မှုကဏ္ဍများအတွက် ဈေးကွက်အသစ်များ ဖော်ဆောင်နိုင်ခြင်းဖြင့် မြန်မာထုတ်ကုန်များ ယူရေးရှားဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်မည့်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

### ကာကွယ်စောင့်ရှောက်

ထို့အပြင် မြန်မာနှင့် ရုရှားနှစ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်သည် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်တွင် အသက်ဝင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကိုလည်း ၂၀၂၆ ခုနှစ် ဇွန် ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံအတွင်း ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့်ဥပဒေ (၄) ရပ်နှင့်အညီ အကာအကွယ်ပေးနေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် နည်းပညာလွှဲပြောင်းရယူခြင်း၊ အရည်အသွေးမြင့် အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းကို အလေးထားပြီး အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ မဟာဗျူဟာကျသောတည်နေရာနှင့် ရုရှားနိုင်ငံ၏ နည်းပညာ၊ အတွေ့အကြုံတို့ကို ပေါင်းစပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ပြီး အပြန်အလှန်အကျိုးပြုသော စီးပွားရေးအောင်မြင်မှုများ ရရှိနိုင်မည့် အလားအလာကြီးမားမှုများ ပေါ်ထွန်းနေကြောင်းနှင့် ယခုကဲ့သို့ မြန်မာ - ရုရှား စီးပွားရေးဖက်စပ်လုပ်ငန်းများ ဖော်ဆောင်ခြင်းအားဖြင့် ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်များကို ဖွံ့ဖြိုးတိုးတက်စေနိုင်သကဲ့သို့ ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များသို့ ထုတ်ကုန်များပိုမိုတင်ပို့နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အကြောင်းတို့ကို နိုင်ငံတော်သမ္မတကြီးက ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်၍ နှစ်နိုင်ငံအကြား "ယုံကြည်မှုကိုအခြေခံသည့် မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကိုအခြေခံသည့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးပြုသည့် အနာဂတ်"ကို အတူတကွတည်ဆောက်နိုင်မည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

○ နေရာစိပ်စိပ်မှ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

○ စာမျက်နှာ ၂၄ မှ

စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြေသယံဇာတကို စနစ်တကျ၊ မျှတစွာနှင့် ရေရှည်တည်တံ့စွာ စီမံခန့်ခွဲအသုံးချရန် အခြေအနေများ၊ ထိရောက်သောမြေ စီမံခန့်ခွဲမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပြီး ခေတ်နှင့်လျော်ညီကာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအကြား ထိန်းညှိပေးနိုင်သည့် အမျိုးသား မြေဥပဒေတစ်ရပ်ရေးဆွဲအတည်ပြုရန်အခြေအနေများ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သော အမျိုးသားမြေအသုံးချမှုဝါဒကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် ကဏ္ဍအလိုက်မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ၏ ကွဲလွဲမှုများကို ထိန်းညှိရန်အတွက် အမျိုးသားမြေဥပဒေအား Umbrella Law အဖြစ် ပြဋ္ဌာန်းရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချမှုကော်မတီများ ပြန်လည်ဖွဲ့စည်းရေး၊ မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များ၊ မြေပုံများ၊ မှတ်တမ်းများစုစည်းခြင်း၊ အမျိုးသားမြေအသုံးချမှုစီမံကိန်းနှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲဆောင်ရွက်ရာတွင် အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန် ကိစ္စရပ်များ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊ ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့ ပေါင်းစပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ရေတိုရေရှည်မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်၊ အမျိုးသားမြေဥပဒေ ရေးဆွဲထုတ်ပြန်နိုင်ရန်နှင့် ကောင်းမွန်သည့် မြေသယံဇာတအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာနိုင်ရန်တို့အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ကောင်စီ၏ လုပ်ငန်းတာဝန်များနှင့် အမျိုးသားမြေအသုံးချမှုဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမျိုးသား မြေအသုံးချမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ကြည့်ရှုစစ်ဆေး



မန္တလေး ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်းရှိ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက တက္ကသိုလ်၏ နောက်ခံသမိုင်းအကျဉ်း၊ မူဝါဒ၊ ဦးတည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည့် ဘာသာရပ်များနှင့် ပညာသင်ကာလ စသည်ဖြင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဤတက္ကသိုလ်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ပြီး အနုပညာရှင်မျိုးဆက်သစ်များ မွေးထုတ်ပေးရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် ခေတ်နှင့်အညီ သင်ကြားရေးနည်းစနစ်များ တိုးတက်ကောင်းမွန်လာစေရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ဖန်တီးနိုင်စွမ်းများ ပိုမိုမြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာ့ရိုးရာအနုပညာများ မပျောက်ပျက်စေရေးအတွက် ရိုးရာအနုပညာရပ်များကို စနစ်တကျ ထိန်းသိမ်းလေ့လာသင်ယူပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းနိုင်ရေး ဆောင်ရွက်ရန်၊ နိုင်ငံတကာအဆင့်မီအနုပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် အရည်အသွေးရှိသောအနုပညာဆိုင်ရာ ပညာရေးကို အလေးထားဖော်ဆောင်ရန်နှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို စနစ်တကျ အသုံးပြုထိန်းသိမ်းထားရှိရန် မှာကြားသည်။

ထို့နောက် ရုပ်ရှင်နှင့်ပြဇာတ်ဌာန၌ ကျောင်းဆင်းစွမ်းရည်ပြပွဲတွင် ကပြဖျော်ဖြေရန် ကျောင်းသား ကျောင်းသူများ၏ ပြဇာတ်လေ့ကျင့်နေမှုနှင့် ဇာတ်ကားတည်းဖြတ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပန်းချီပညာဌာန၌ ကျောင်းဆင်းစွမ်းရည်ပြပွဲတွင် ပြသရန် ကျောင်းသား ကျောင်းသူများ ရေးဆွဲနေသည့် ပန်းချီကားများကို လှည့်လည်ကြည့်ရှုရာ ကျောင်းသား ကျောင်းသူများက ပန်းချီကားများ၏ ခေါင်းစဉ်နှင့် အကြောင်းအရာများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် တက္ကသိုလ်စာကြည့်တိုက်အတွင်းရှိ ရည်ညွှန်းစာဖတ်ခန်းနှင့် E-library ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဂီတပညာဌာန၌ ကျောင်းဆင်းစွမ်းရည်ပြပွဲတွင် ဖျော်ဖြေမည့် ကျောင်းဆင်းဂုဏ်ပြုတေးသီချင်း သီဆိုလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ သဘင်ပညာဌာန၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ နှစ်ပါးသွားအက လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပန်းပုပညာဌာန၌ ကျောင်းသား ကျောင်းသူများက သစ်သားပန်းပု၊ ရွှံ့ပန်းပု ထုဆစ်နေမှုနှင့် ပန်းပုပြခန်းတို့ကိုလည်းကောင်း၊ ပန်းချီပြခန်း၌ အသုံးချဒီဂျစ်တယ် အနုပညာဒီပလိုမာသင်တန်းမှ ကျောင်းသား ကျောင်းသူများ ရိုက်ကူးထားသည့် ဓာတ်ပုံများနှင့် ကျောင်းသား ကျောင်းသူများ ရေးဆွဲထားသည့် ပန်းချီကားများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)ကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းပြီး တိုးတက်ထွန်းကားပြန့်ပွားအောင်ဆောင်ရွက်ရန်၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ထူးချွန်သောမျိုးဆက်သစ်အနုပညာရှင်များ ပေါ်ထွန်းရေးအတွက် သုတေသနနှင့် လေ့ကျင့်ပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ဖော်ထုတ်မြှင့်တင်၍ သင်ကြားပို့ချနိုင်ရေးဆောင်ရွက်ရန်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး အနုပညာစွမ်းအားဖြင့် အထောက်အကူပြုဆောင်ရွက်ရန်နှင့် မြန်မာ့ရိုးရာအနုပညာရပ်များ ခေတ်နှင့်အညီ တိုးတက်ပြန့်ပွားရေးအတွက် ပြည်ပနိုင်ငံများရှိ အနုပညာတက္ကသိုလ်များနှင့်ချိတ်ဆက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရန် စသည့် ရည်မှန်းချက်များဖြင့် စတင်ဖွင့်လှစ် ခဲ့ခြင်းဖြစ်ပြီး ယခုပညာသင်နှစ်တွင် ဘာသာရပ်အလိုက် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၅ ဦးရှိကြောင်း သိရသည်။

သတင်းစဉ်

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>ည ၉:၄၅ နာရီ | လန်းစ် - အော်ဆေး | လန်းစ် ၁-၀ အော်ဆေး<br>အော်ဆေး ၁-၂ လန်းစ် |
| ၂၃-၈-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | လိမန်းစ် - ဘရက်စ် | ———— |
| ။ | နိစ် - လိုရီယန့် | နိစ် ၃-၃ လိုရီယန့်<br>လိုရီယန့် ၃-၁ နိစ် |
| ။ | တူးလော့စ် - လိုင်ယွန် | တူးလော့စ် ၂-၁ လိုင်ယွန်<br>လိုင်ယွန် ၁-၂ တူးလော့စ် |
| ။ | ထရိုယက်စ် - ပီအီ | ———— |

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>ည ၁၁:၀၀ နာရီ | အင်တာမီလန် - မွန်ဇာ | အင်တာမီလန် ၃-၂ မွန်ဇာ<br>မွန်ဇာ ၁-၁ အင်တာမီလန် |
| ။ | အူဒီးနိစ် - ကိုမို | အူဒီးနိစ် ၀-၀ ကိုမို<br>ကိုမို ၁-၀ အူဒီးနိစ် |
| ၂၃-၈-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | ဂျီနိုအာ - နာပိုလီ | ဂျီနိုအာ ၂-၃ နာပိုလီ<br>နာပိုလီ ၂-၁ ဂျီနိုအာ |
| ။ | ပါးမား - ကက်ဂလီယာရီ | ပါးမား ၁-၁ ကက်ဂလီယာရီ<br>ကက်ဂလီယာရီ ၂-၀ ပါးမား |

## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>ညနေ ၆:၀၀ နာရီ | ဟားလ်စီးတီး - မန်ယူ | ဟားလ်စီးတီး ၀-၁ မန်ယူ<br>မန်ယူ ၀-၀ ဟားလ်စီးတီး |
| ၂၂-၈-၂၀၂၆<br>ည ၈:၃၀ နာရီ | အဲဗာတန် - ပဲလေ့စ် | အဲဗာတန် ၂-၁ ပဲလေ့စ်<br>ပဲလေ့စ် ၂-၂ အဲဗာတန် |
| ။ | အစ်ဆွစ်ချ် - ဆန်းဒါးလန်း | အစ်ဆွစ်ချ် ၅-၀ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၁-၀ အစ်ဆွစ်ချ် |
| ။ | နော်တင်ဟမ် - လိဒ်စ် | နော်တင်ဟမ် ၃-၁ လိဒ်စ်<br>လိဒ်စ် ၃-၁ နော်တင်ဟမ် |
| ၂၂-၈-၂၀၂၆<br>ည ၁၁:၀၀ နာရီ | ဘရန့်ဖို့ဒ် - စပါး | ဘရန့်ဖို့ဒ် ၀-၀ စပါး<br>စပါး ၂-၀ ဘရန့်ဖို့ဒ် |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၂-၈-၂၀၂၆<br>ည ၉:၃၀ နာရီ | ဘီလ်ဘာအို - ဆီဗီလာ | ဘီလ်ဘာအို ၃-၂ ဆီဗီလာ<br>ဆီဗီလာ ၂-၁ ဘီလ်ဘာအို |
| ၂၃-၈-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | ဗလင်စီယာ - ဆဲလ်တာဗီဂို | ဗလင်စီယာ ၂-၃ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၄-၁ ဗလင်စီယာ |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်နှင့် ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ သွားရောက်လေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဒွန်မောင်းခရိုင်ရှိ ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဩဂုတ် ၂၁

(၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေး (9th Thailand-Myanmar High Level Committee Meeting ) ကို တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ မြဘုရား (Temple of Emerald Buddha)သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်သို့ ရောက်ရှိကြရာ ထိုင်းဘုရင့်နန်းတွင်းကိုယ်စားလှယ်အရာရှိကြီးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ဘုရင့်နန်းတော်ဆိုင်ရာများနှင့် မြဘုရားဆိုင်ရာတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းမန်ဆက်ကပ်၍ ဖူးမြော်ကြည်ညိုပြီး မြဘုရားအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြ၍ မေတ္တာလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြဘုရားကျောင်းဆောင်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး တာဝန်ရှိသူများကမြဘုရားနှင့်သာသနိကအဆောက်အအုံများ၏ သမိုင်းကြောင်းများ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒွန်မောင်းခရိုင်ရှိ ထိုင်းဘုရင့်တပ်မတော်(လေ)အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်တာဝန်ခံနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြတိုက်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း/အပြင်ရှိ ပြကွက်များတွင် ပြသထားသည့် လေယာဉ်များ၊ တိုက်လေယာဉ်များ၊ ဟယ်လီကော်ပတာများ၊ ထိုင်းဘုရင့်မိသားစုနှင့် အထူးဧည့်သည်တော်များ စီးနင်းခဲ့သည့် သမိုင်းဝင်အထူးလေယာဉ်များ၊ လေယာဉ်မောင်းနှင်မှု ပုံစံတူစက်များ၊ လေတပ်စကားပြောစက်များ၊ လက်နက်ကိရိယာများနှင့် စစ်ဝတ်စုံများ၏ ပြောင်းလဲလာပုံများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော် (လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှု ပြတိုက် (National Aviation Museum of the Royal Thai Air Force)သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Don Mueang ခရိုင်ရှိ ဒွန်မောင်းထိုင်းဘုရင့်လေတပ်စခန်း၌တည်ရှိပြီး ထိုင်းဘုရင့်တပ်မတော်(လေ)မှ အသုံးပြုခဲ့သည့် လေယာဉ်အမျိုးမျိုးနှင့် အခြားသော လေကြောင်းဆိုင်ရာကိရိယာများကို စုဆောင်းရန်၊ ထိန်းသိမ်းရန်နှင့် ပြန်လည်ပြင်ဆင်မွမ်းမံရန်ရည်ရွယ်၍ ၁၉၅၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ပထမဆုံးဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့သော ဗုံးကြဲလေယာဉ် Baribatra Bomber၊ ကမ္ဘာပေါ်တွင် နောက်ဆုံးကျန်ရှိတော့သည့် Curtiss Hawk III နှင့် Tachikawa Ki-36 ကဲ့သို့သော ဒုတိယကမ္ဘာစစ်ခေတ်ရှားပါးစစ်လေယာဉ်များ၊ F-5A ၊ F-16A နှင့် Gripen တိုက်လေယာဉ်များ၊ စစ်ဘက်သုံး ရဟတ်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များကို ခင်းကျင်းပြသထားပြီး လေတပ်စခန်းသုံးပစ္စည်းများ၊ ခေတ်အဆက်ဆက် လေသူရဲယူနီဖောင်းများ၊ စစ်ဘက်သုံး ဆက်သွယ်ရေးကိရိယာများနှင့် လေကြောင်းဆိုင်ရာ စာကြည့်တိုက်တို့ကိုလည်း ထည့်သွင်းပြသထားကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဌာနချုပ် အစည်းအဝေးခန်းမတွင် တော်ဝင်စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးရုံး ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဌာနချုပ် သမိုင်းကြောင်းဆိုင်ရာအချက်အလက်များ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဌာနချုပ်အတွင်းရှိ ထိုင်းဘုရင်များ၏ သမိုင်းကြောင်းဆိုင်ရာပြခန်းများ၊ ရေစီမံခန့်ခွဲမှုနှင့်တော်ဝင်စီမံကိန်းအရ တည်ဆောက်ခဲ့သော ဖွံ့ဖြိုးရေးလေ့လာရေးစင်တာများပြခန်း၊ ဖွံ့ဖြိုးရေး စီမံကိန်းကွန်ရက်ရှိ နယ်စပ်ဒေသများမှ အခြေခံအဆောက်အအုံ တည်ဆောက်ရေးဆိုင်ရာ ဒေတာများနှင့် စီမံကိန်းတိုးတက်မှုပြသထားသည့် မြေပုံ/စနစ်များပြခန်း၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ စက်ယန္တရားများ၊ ဆက်သွယ်ရေးနှင့် နည်းပညာပြခန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးဗဟိုဌာနပြခန်းတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်မှတာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာသည် အဖွဲ့ဝင်များလိုက်ပါ၍ ဩဂုတ် ၁၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စစ်မှုထမ်းဟောင်းအထွေထွေရောဂါကုဆေးရုံကြီး (Veterans General Hospital) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာနှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံမှတာဝန်ရှိသူများက ဆေးရုံအစည်းအဝေးခန်းမတွင် ဆေးရုံသမိုင်း မှတ်တမ်းဆိုင်ရာများ၊ ဆေးဝါးကုသပေးမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား Video Presentation ဖြင့် ရှင်းလင်းတင်ပြမှုကို ကြည့်ရှုကြသည်။ ဆက်လက်၍ ဆေးရုံအတွင်း သစ်သားပန်းပုနှင့် ထိုင်းရိုးရာ Oshie လက်မှုအနုပညာ လုပ်ဆောင်မှုများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ စစ်မှုထမ်းဟောင်း အထွေထွေရောဂါကုဆေးရုံကြီး (Veterans General Hospital-VGH) သည် ဗန်ကောက်မြို့ Phaya Thai မြို့နယ်ရှိ Vibhavadi Rangsit လမ်းမကြီးပေါ်တွင်တည်ရှိသော အစိုးရအထူးကုဆေးရုံကြီးတစ်ခုဖြစ်ပြီး စစ်မှုထမ်းဟောင်းများ စောင့်ရှောက်ရေးအဖွဲ့အစည်း (War Veterans Organization of Thailand-WVO)၏ လက်အောက်တွင် စစ်ပွဲများနှင့် တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းဖြစ်သွားခဲ့သည့် ရဲဘော်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ ထောက်ပံ့ကူညီပေးနိုင်ရန် ၁၉၇၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

နေပြည်တော် ဩဂုတ် ၂၁

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၉)ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand-Myanmar High Level Committee Meeting) တက်ရောက်ခဲ့သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့် လေတပ် Wing 6 မှ ပြန်လည် ထွက်ခွာခဲ့ကြရာ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများ က လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ လိုက်ပါလာသည့်တပ်မတော်အထူး လေယာဉ်သည် နေပြည်တော် လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီး ချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံရုံးတို့မှ တာဝန်ရှိ သူများက လေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များသည် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီး ထိုင်းဘုရင့်တပ်မတော်မှ အကြီးအကဲများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်းနှင့် ထိုင်းနိုင်ငံရှိ အထင်ကရ နေရာများသို့ သွားရောက်ကြည့်ရှုလေ့လာခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံရုံးရှိဝန်ထမ်းများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၁

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံရုံးရှိ ဝန်ထမ်းများနှင့် မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ယနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ တည်းခိုရာ ဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဝင်းသူလင်းနှင့် တာဝန်ရှိသူများ၊ သံရုံးမိသားစုများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်၍ သံရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံရုံးရှိ ဝန်ထမ်းများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ကို ကာကွယ်ရမည် ဟူသော အသိစိတ်၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုအပေါ် သစ္စာစောင့်သိကြရန်လိုကြောင်း၊ ပညာတော်သင်ရောက်ရှိနေခြင်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေခြင်းပင် ဖြစ်၍ နိုင်ငံအတွက်၊ တပ်မတော်အတွက် အကျိုးရှိအောင် ပြန်လည်အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူသွားကြရန်လိုကြောင်း၊ သင်ယူသည့် ဘာသာရပ်များမှတစ်ဆင့် ပိုမိုမြင့်မားသည့် အသိပညာ၊ အတတ်ပညာများ သင်ယူနိုင်ရေး မျှော်မှန်း၍ လေ့လာသွားကြရန်လိုကြောင်း၊ တာဝန် ထမ်းဆောင်ချိန်နှင့် သင်တန်းကာလ တစ်လျှောက် တွေ့ကြုံရသည့် နိုင်ငံတကာ ဆက်ဆံရေး အတွေ့အကြုံကောင်းများကို ကောင်းမွန်စွာရရှိရေး လေ့လာသင်ယူသွားရန် လိုကြောင်း၊ နေထိုင်စဉ် ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားရန်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကို သိရှိအောင် လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့်တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျနေထိုင်သွားကြရန် လိုကြောင်း၊

ပြောကြား

မြန်မာ - ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများရှိခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကိုယ်စားဆောင်ရွက်နေကြသူများ ဖြစ်သောကြောင့် မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူရသည့် ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရာတွင် စံနမူနာပြ ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြရန် လိုကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း၊ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုကဏ္ဍများတွင် ထိရောက်စွာပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံအတွက် အားကိုးရသည့် ထူးချွန်သူများဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမိသားစုများ၊ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများ နှင့် လက်ဆောင် ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တက်ရောက်လာကြသည့် သံရုံးမိသားစုများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံရှိ အထောက်အထားမပြည့်စုံသည့် မြန်မာနိုင်ငံသားအလုပ်သမား ၄၂၉၁၉၂ ဦးကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ထုတ်ပေးရေး ဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၁

ထိုင်းနိုင်ငံရှိ အထောက်အထားမပြည့်စုံသည့် မြန်မာနိုင်ငံသားအလုပ်သမားများကို CI အသစ်ထုတ်ပေးနိုင်ရေးအတွက် စမုစခွန်၊ စမုပရာကန်၊ ဆူရတ်ဌာနီ၊ ချင်းမိုင်တို့တွင် CI စခန်း လေးခုနှင့် ကရာဘီ Mobile Unit တစ်ခုတို့ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၄၂၉၁၉၂ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးရေး လုပ်ငန်းစဉ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ တွေ့ဆုံပွဲမှ သိရသည်။



အဆိုပါ တွေ့ဆုံပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၌ ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ လွှဲပြောင်းလက်ခံခြင်း၊ စာရင်းဇယားများ ရှင်းလင်းခြင်းတို့ကို စနစ်တကျဆောင်ရွက်ရန်၊ ဌာနအလိုက် တာဝန်ခံများအနေဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အခက်အခဲများ၊ ဆောင်ရွက်ချက်များနှင့် ကဏ္ဍအလိုက် အကြံပြုချက်များကို ပြည့်ပြည့်စုံစုံတင်ပြရန် မှာကြားပြီး ဒုတိယဝန်ကြီးဦးမောင်မောင်သန်းက လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၌ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အေးချမ်းသာယာမှုရှိစေရေး၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းချက်၊ ရည်မှန်းချက်များထားရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်ရေး အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များ ခံစားရရှိရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့အတူ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲနှင့် Electric Vehicle (EV)Technical Knowledge Training ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွမ်းကျင်မှုလေ့ကျင့် ရေးသင်တန်းကျောင်း (မန္တလေး)၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် Electric Vehicle (EV) Technical Knowledge Training ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(တိုင်းဒေသကြီးရုံး) မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဇာနည်မောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် EV Technical Knowledge Training ၏ သင်တန်းနည်းပြ Automotive Mechanic အလုပ်အကိုင်၏ Chief Assessor ဦးအောင်အောင်ဦးက သင်တန်းပို့ချခြင်းနှင့် စပ်လျဉ်း၍ ပြောကြားခဲ့သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလွင်က သင်တန်းနည်းပြ နှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) မန္တလေးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးဦးစီးမှူးဦးဇာနည်မောင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ အထွေထွေအတွင်းရေးမှူးဦးမောင်မောင်ဦး၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းသူတို့မှ အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်းသင်တန်းသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းသို့ တက်ရောက်ခဲ့သည့် သင်တန်းသားများကိုယ်စား သင်တန်းသား တစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ထိုသင်တန်းကို အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး၊ Electric Vehicle (EV) Technical Knowledge Training သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင် (ခရိုင်၊ ပြန်/ဆက်)**

## ဂျာမန်စူပါဖလား ဗိုလ်လုပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၃-၈-၂၀၂၆<br>နံနက် ၀၁:၀၀ နာရီ | ဒေါ့မွန် - ဘိုင်ယန်မြူးနစ် | ဒေါ့မွန် ၂-၃ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၂-၁ ဒေါ့မွန် |

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ဘယ်လာရုစ်သမ္မတနိုင်ငံ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့်ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီး H.E. Mr. Ivanets Andrey Ivanovich တို့သည် ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် မင့်စ်မြို့ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးက ယခုကဲ့သို့ အဆွေတော်တို့ လာရောက်ခြင်းသည် မိမိတို့အဖွဲ့အစည်းနှစ်ခုအကြား အဆင့်တစ်ခုကို တက်လှမ်းခြင်းဖြစ်ပြီး ပိုမိုကောင်းမွန်သည့် ဆွေးနွေးမှုများ ဆက်လက်ရရှိနိုင်မည်ဟု မျှော်လင့်မိကြောင်း၊ မိမိတို့ အဖွဲ့အစည်းနှစ်ခုအကြားတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လျက်ရှိကြောင်း၊ ပညာရေးဆိုင်ရာနှင့်ပတ်သက်ပြီး အပြန်အလှန်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျင်းပသည့် ဘယ်လာရုစ်-မြန်မာ စီးပွားရေးဖိုရမ်တွင်လည်း ပါဝင်တက်ရောက်ခဲ့ကြောင်း ပြောကြားသည်။

ပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က မိမိတို့အဖွဲ့အား လက်ခံတွေ့ဆုံမှုအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် တက္ကသိုလ်များသည် ပညာရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသကဲ့သို့ သီးခြားဝန်ကြီးဌာနများလက်အောက်တွင်လည်းရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနလက်အောက်တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ဘာသာစကားတက္ကသိုလ်များရှိကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်တွင် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ဆေးတက္ကသိုလ်များရှိကြောင်း၊ မိမိတို့ ကိုယ်စားလှယ်များသည် ဝန်ကြီးဌာနသုံးခုကို ကိုယ်စားပြုကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ဘယ်လာရုစ် State တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန်နှင့် ပညာရေးဝန်ကြီးဌာနအချင်းချင်းလည်း လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်သည်ဟု သိရှိရသည့်အတွက် မိမိတို့ဘက်ကလည်း အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

အလားတူ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာ စိုးမြင့်မောင်က မိမိတို့အား ဖိတ်ခေါ်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍများကို ကြားသိခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် သိပ္ပံပညာရပ်များတွင်သာမက အာကာသနည်းပညာနှင့် ဂြိုဟ်တုအသုံးချသည့် လုပ်ငန်းများတွင် တိုးတက်မှုများစွာရရှိနေသည်ကို သိရှိရကြောင်း၊ မြန်မာအာကာသအေဂျင်စီအနေဖြင့် Belarusian State University နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားကြောင်း၊ ဘယ်လာရုစ်နိုင်ငံသမ္မတကြီး မြန်မာနိုင်ငံကို ခရီးစဉ်လာရောက်ချိန်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း၊

ထိုအချိန်က ဘယ်လာရုစ်နိုင်ငံသမ္မတကြီးသည် မိမိတို့ နှစ်နိုင်ငံအကြားတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရာတွင် ကန့်သတ်မှု၊ တားမြစ်ထားမှု တစ်စုံတစ်ရာလုံးဝမရှိဘဲ ပူးပေါင်းဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်း လုပ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံ၏ အာကာသအေဂျင်စီနှင့် Belarusian State University တို့ ယခုခရီးစဉ်အတွင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်ရန်ရှိပါကြောင်း၊ အဆွေတော် ဝန်ကြီးအနေနှင့် ဘယ်လာရုစ်နိုင်ငံတွင် တိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာဘာသာရပ်များ၊ မောင်းသူမဲ့ လေယာဉ် တည်ဆောက်ရေးကိစ္စရပ်များ၊ ဂြိုဟ်တု အသေးစားများ တည်ဆောက်ရေးနှင့် ဂြိုဟ်တုကို အသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ချဲ့ထွင်ပေးရန် အခွင့်အလမ်းများ ပေးအပ်နိုင်ရေး တောင်းဆိုလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်းက မိမိတို့ကို ယခုလို အချိန်ပေးပြီး တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် အဓိကအားဖြင့် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များရှိပြီး ယင်းတက္ကသိုလ်များတွင် အဏုမြူနှင့်ပတ်သက်သည့် ဘာသာရပ်များ သင်ကြားနေခြင်းများရှိသကဲ့သို့ အာကာသနည်းပညာနှင့် ပတ်သက်ပြီးလည်း သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် အသက်မွေးဝမ်းကျောင်းမှုပညာနှင့်ပတ်သက်သည့် နည်းပညာကျောင်းများနှင့် သက်မွေးပညာကောလိပ်များလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင်ရှိကြောင်း၊ မိမိတို့နိုင်ငံကိုလည်း လာရောက်လည်ပတ်ရန်အတွက် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီး H.E. Mr. Ivanets Andrey Ivanovich၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲ Irina Shitkovsk aya၊ အဆင့်မြင့်ပညာရေးဌာန အကြီးအကဲ Dutina Alina Alexandrovna၊ သိပ္ပံနှင့် ဆန်းသစ်တီထွင်မှုဌာန အကြီးအကဲ Sheshko Nikolay Nikolaevich တို့ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Belarusian State University သို့ သွားရောက်လေ့လာရာ Belarusian State University မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး Belarusian State University ၏ ပထမအဓိပတိ Dmitry Miroslavovich Kurlovich၊ သိပ္ပံနှင့် သုတေသနလုပ်ငန်းဆိုင်ရာ ဒုတိယအဓိပတိ Andrey Viktorovich Blokhin၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ Belarusian State University အတွင်းရှိ စမ်းသပ်ခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-ဘယ်လာရုစ် ကျန်းမာရေးဝန်ကြီးများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ဘယ်လာရုစ် သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဘယ်လာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Aliaksandr Khajayeu နှင့် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် Belarusian State Medical University ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးများသည် နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီး Belarusian State Medical University တွင် ကျောင်းသားများ ပညာသင်ကြားရေးနှင့် ပတ်သက်သည်များကို လေ့လာကြည့်ရှုကာ ဆေးရုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် တည်ရှိသည့် Belarusian State Medical University သည် နိုင်ငံအတွင်း သက်တမ်းအရှည်ဆုံးနှင့်အဓိကကျသည့်ဆေးတက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ အဆိုပါ ဆေးတက္ကသိုလ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တွင် စာရင်းဝင်ထားပြီး နိုင်ငံတကာ ဆေးကောင်စီများက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုဖြစ်ကာ နိုင်ငံတကာကျောင်းသားများအတွက် ဆေးပညာနှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘာသာရပ်များကိုအင်္ဂလိပ်ဘာသာစကားဖြင့် တိုက်ရိုက်သင်ကြားပေးသည့် ဆေးတက္ကသိုလ်တစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အ-ထ-က အုန်းချော၌ လူငယ်စကားဝိုင်း ကျင်းပ

မန္တလေး ဩဂုတ် ၂၁

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အထက အုန်းချော အခြေခံပညာအထက်တန်းကျောင်း ပင်မဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ချယ်ရီမြက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade - (10)မှ ကျောင်းသား၊ ကျောင်းသူလေးများက လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ လူငယ်စကားဝိုင်းပြီးနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့်ဝန်ထမ်းများ၊ အ.ထ.က အုန်းချောမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရွှေရန်ကင်း**

## နည်းပညာတက္ကသိုလ်(မန္တလေး)၌ Project Show and Job Fair 2026 အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

နည်းပညာတက္ကသိုလ် (မန္တလေး)၏ Project Show and Job Fair 2026 အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ပင်မဆောင်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဒေါက်တာ လှကြွယ်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်၊ ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇာနေစိုး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ နည်းပညာတက္ကသိုလ်(မန္တလေး) တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစုယဉ်ဝင်း၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ အလုပ်အကိုင်ကုမ္ပဏီများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နည်းပညာတက္ကသိုလ်(မန္တလေး) တာဝန်ခံပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး၊ ကျောင်းသား၊ ကျောင်းသူများ၏ Project Show ပြခန်းများကို ဝန်ကြီးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် Project Show (၆၄)ခု၊ အလုပ်အကိုင်ခန့်ထားရေးကုမ္ပဏီ(၁၃)ခုတို့က ပူးပေါင်းပါဝင်၍ လူတွေ့အင်တာဗျူးနှင့် Project ရှင်းလင်းမှုများ၊ အလုပ်အကိုင်ခေါ်ယူမှုဆိုင်ရာများ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး၊ အကောင်းဆုံး Project ကို ဆုပေးအပ်ကာ ပါဝင်ကူညီသော ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ရွှေရန်ကင်း)**




## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)ကျောင်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ကျော်တင့်က အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပုသိမ်ကြီး မြို့နယ်)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ကံညွန့်ဦးစီး၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် လမ်းသွား၊ လမ်းလာများ စနစ်တကျ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့်အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးဆိုင်ရာ အသိပညာပေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြပြီး တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အချက်အလက်များ ပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)မှ ဆရာ၊ ဆရာမနှင့် ဝန်ထမ်းစုစုပေါင်း ၅၀၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀၊ စုစုပေါင်း ၃၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



## အသေးစားကုန်ထုတ်လုပ်ငန်းရှင်များအား စားအုန်းဆီများကို သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဖြန့်ဖြူးရောင်းချ

**ကျောက်ပန်းတောင်း ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မုန့်ပဲသရေစာနှင့် စားသောက်ကုန် ရောင်းချလုပ်ကိုင်ကြသော အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား အခြေခံစားသောက်ကုန်ဈေးနှုန်း တည်ငြိမ်စေရန်ရည်ရွယ်၍ ရောင်းချခွင့်ပြုထားပေးသော စားအုန်းဆီများကို သတ်မှတ်ရည်ညွှန်း ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းက တမ္ပဝတီရပ်ကွက်ရှိ ကျောက်ပန်းတောင်း ပလာဇာ၌ ပြုလုပ်သည်။

ထိုသို့စားအုန်းဆီများ ထုတ်ပေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်း အမှန်တကယ် လုပ်ငန်းလုပ်ကိုင်နေသော အကြော်စုံလုပ်ငန်း၊ မုန့်ဟင်းခါးဆိုင်များ၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းရှင်များအား အသေးစားလုပ်ငန်းတစ်ခုလျှင် စားအုန်းဆီငါးပိဿာနှုန်းဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း စနစ်တကျ ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချပေးသည့် စားအုန်းဆီများကို လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းခွင်တွင် အမှန်တကယ်သုံးစွဲရန်၊ ပြင်ပသို့ ပြန်လည်ရောင်းချခြင်း မပြုရန်နှင့် သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာရန် တာဝန်ရှိသူများက ကွင်းဆင်းမှာကြားခဲ့ပြီး စားအုန်းဆီဝယ်ယူရရှိသည့် လုပ်ငန်းရှင်တစ်ဦးကလည်း ယခုကဲ့သို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**သဲသဲ(မြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယမန်နေ့နံနက် ၉ နာရီက မကွေးမြို့၊ အ·လ·က(လှေကျင့်ရေး) ကျောင်း၌ ကျင်းပသည်။

ဦးစွာ မကွေးခရိုင်၊ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်ဝါက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ အကြောင်း အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများ ပါဝင်သည့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်နိုင်မင်း(မြန်/ဆက်)**






## အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၂/၂၀၂၆)ဆင်းပွဲ ပြုလုပ်

**ရပ်စောက် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၂/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပပြုလုပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က သင်တန်းဆင်း အဖွင့်အမှာစကားပြောကြားရာတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အကြိုအခြေခံမီးသတ်သင်တန်း တက်ရောက်ပြီးမြောက်သည့်အခါ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရချိန်၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို တာဝန်သိစွာဖြင့် အစွမ်းကုန် ကူညီကာကွယ်စောင့်ရှောက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သင်တန်းဆင်း သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ သင်တန်းကို သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသား(၃၆) ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

## မဏ္ဍရာစည်းခုံစေတီတော်ကြီး ပြင်ဆင်ရေးလှူဒါန်းနိုင်

**စဉ့်ကိုင် ဩဂုတ် ၂၁**

စဉ့်ကိုင်မြို့နယ်၊ ရွှေပေါင်းမဏ္ဍရာဒေသမှ မဏ္ဍရာစည်းခုံစေတီတော်ကြီး မန္တလေးငလျင်ကြီးကြောင့် တတိယပစ္စယံ ရှစ်မြောင်ပစ္စယံ၊ ကြေးဝန်း၊ ကြာဝန်းများ ပွင့်ထွက်၊ အက်ကွဲပျက်စီးခဲ့သဖြင့် ပြင်ဆင်ရေးလုပ်ငန်းများ စတင်ပြီဖြစ်သည်။



ယခုအခါ တတိယပစ္စယံ ကွန်ကရစ်လောင်းခြင်း ပြီးစီးပြီဖြစ်သည်။ ဆက်လက်ပြီး ရှစ်မြောင်ပစ္စယံ ကွန်ကရစ်လောင်းနိုင်ရန် စီစဉ်လျက်ရှိသည်။

ကုသိုလ်ပါဝင်လိုပါက အရှင်ပဏ္ဍိတ ဩဝါဒါစရိယဆရာတော် ဖုန်း ၀၉-၂၀၁၂၁၂၂၊ အရှင်သဒ္ဓါနန္ဒ ရွှေရောင်တော်ဆရာတော် ဖုန်း ၀၉-၇၉၇၆၀၆၁၆၆၊ ဦးကျော်ထွန်း အင်ဂျင်နီယာ ဖုန်း ၀၉-၄၄၄၀၁၈၆၄၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

## စာအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများထုတ်ပြန်

**မန္တလေး ဩဂုတ် ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၁ ရက်မှ ဩဂုတ် ၂၇ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၁၇၉ ကျပ် ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီ ရောင်းချမည့် ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ်မူတည်ပြီး သတ်မှတ်သည့် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၁ ရက်မှ ဩဂုတ် ၂၇ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ၈၅၀၀ ကျပ်၊ မိတ္ထီလာမြို့ ၈၃၂၀ ကျပ်၊ ရမည်းသင်းမြို့ ၈၂၉၀ ကျပ်၊ ကျောက်ဆည်မြို့ ၈၄၅၀ ကျပ်၊ ပြင်ဦးလွင်မြို့ ၈၅၄၅ ကျပ်၊ မြင်းခြံမြို့ ၈၅၇၅ ကျပ်၊ ညောင်ဦးမြို့အတွက် ၈၄၈၀ ကျပ် ဖြစ်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်-၅)

## ဝမ်းပျက် ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး (Talk Show) ဆောင်ရွက်

**သရက် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး (Talk Show) ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက သရက်ခရိုင်၊ ပြည်သူ့စာကြည့်တိုက်၊ Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (ကျန်းမာပညာ)မှ ဒုတိယဦးစီးမှူး ဒေါ်ရှင်းရှင်းသန့်တို့က ဝမ်းပျက်ဝမ်းလျှောရောဂါဆိုတာ ဘယ်လိုလက္ခဏာပြသလဲ၊ ဘယ်လိုကူးစက်တတ်သလဲ၊ ဝမ်းပျက်ဝမ်းလျှောဖြစ်လျှင် အိမ်မှာဘာလုပ်ပေးသင့်သလဲနှင့် ORS ဓာတ်ဆားရည်ဘူးသောက်ရန် ဘာကြောင့်အရေးကြီးပါသလဲ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်အောင် ဘယ်လိုကာကွယ်ရမည်စသည်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

ဇော်ထက်(သရက်)




## မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

**လားရှိုး ဩဂုတ် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဩဂုတ် ၁၉ ရက်က ရပ်ကွက် (၁၀) နယ်မြေ (၃)ရှိ Medical Services & Nursing Care သင်တန်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမင်းမင်းသစ်က မီးဘေးလုံခြုံရေးအသိပညာပေးဆွေးနွေးခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် Medical Services & Nursing Care သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

လူမော်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မြန်မာ့ရိုးရာ

* ရေးနည်းစုံလင်
ဂန္ထဝင်
သိချင်သင်ပါ ရေးကဗျာ။

* ကဗျာရေးမှတ်
သဒ္ဒါတတ်
မွန်မြတ်ပေစာ တို့ရိုးရာ။

* ရိုးရာအမွေ
ထိန်းသိမ်းစေ
ကျမ်းကျေမှသာ ရတနာ။

* ရတနာထွတ်
ကြယ်တမွတ်
ခူးဆွတ်နိုင်တာ မုဒိတာ။

* မုဒိတာလူ
စိတ်ထားဖြူ
နိုင်သူပေးပါ စေတနာ။

* စေတနာမြတ်
မေတ္တာဓာတ်
ရင်ဘတ်တူရာ ဝါသနာ။

* ဝါသနာရှင်
ရေသို့ငင်
ဆွဲတင်ပေးပါ တို့မြန်မာ။

* မြန်မာပြည်ဖွား
တိုင်းရင်းသား
အားထားစရာ တေးကဗျာ။

* တေးကဗျာကို
သံသာချို
ရေးဆိုနည်းနာ ဉာဏ်ပညာ။

* ပညာရွှေအိုး
လူမခိုး
အမျိုးဘာသာ သာသနာ။

* သာသနာဟူ
ကဗျာကူ
ဇမ္ဗူလက်ျာ နိမိတ်သာ။ ။

ကဗျာဇော်ဝင်း(မရှိမ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။





❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# အမျိုးသားမြေအသုံးချမှုကောင်စီ ပထမအကြိမ် အစည်းအဝေးကျင်းပ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၁

အမျိုးသားမြေအသုံးချမှုကောင်စီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးအမှတ်(၃၉) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား မြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှု ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conference

စာမျက်နှာ ၁၀ သို့ ○



ဒုတိယသမ္မတ ဦးညိုစော အမျိုးသားမြေအသုံးချမှုကောင်စီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ သုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသောအယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၆ သို့ ○

## ONE Friday Fights 167 & The Inner Circle 27 ပြိုင်ပွဲတွင် မြန်မာဖိုက်တာနှစ်ဦးစလုံး ရှုံးပွဲကြုံတွေ့

ရန်ကုန် ဩဂုတ် ၂၁

ONE Friday Fights 167 & The Inner Circle 27 ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာများဖြစ်သည့် ကျော်စွာဝင်းနှင့် စောမင်းမင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။



ကျော်စွာဝင်းနှင့် ထိုင်းဖိုက်တာ ကိုမာဝပ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီးနောက် ကိုမာဝပ် အမှတ်ဖြင့်အနိုင်ရကြောင်း ကြေညာစဉ်။

ကျော်စွာဝင်းသည် ထိုင်းဖိုက်တာ ကိုမာဝပ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကျော်စွာဝင်းသည် ONE နှင့် လေးပွဲမြောက် ထိုးသတ်ခြင်းဖြစ်ပြီး ဒုတိယမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ စောမင်းမင်းမှာမူ ထိုင်းဖိုက်တာ ယောဖူပါနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ သုံးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်ဘဲ အမှတ်ဖြင့် ဆုံးဖြတ်ရာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ စောမင်းမင်းသည် ယခုနှစ်အတွင်း ထိုးသတ်ထားသည့် သုံးပွဲစလုံး အရေးနိမ့်ထားသည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-onefc

## ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၁

၂၀၂၆ ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ပထမအကျော့ဗိုလ်လုပွဲအဖြစ် ထိုင်းအမျိုးသားလက်ရွေးစင်အသင်းနှင့် ဗီယက်နမ် အမျိုးသားလက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၂၂ ရက် ည ၇ နာရီခွဲတွင် ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာ အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲကို MRTV Sports Channel နှင့် MRT Entertainment Channel တို့မှတိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သတင်းစဉ်**

## မြန်မာယူ-၁၂ နှင့် Urawa Red Diamonds Junior တို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျ

**ရန်ကုန် ဩဂုတ် ၂၁**

ဂျပန်နိုင်ငံ ချီဘားမြို့၌ ကျင်းပလျက်ရှိသည့် U-12 Junior Soccer World Challenge 2026 ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မြန်မာ ယူ-၁၂ အသင်းနှင့် ဂျပန် နာမည်ကြီးကလပ် Urawa Red Diamonds Junior အသင်းတို့ ယနေ့ ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြန်မာ ယူ-၁၂ အသင်းနှင့် နာမည်ကြီးကလပ် Urawa Red Diamonds Junior အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို ရဲမင်းနိုင်က သွင်းယူပေးခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုနောက်ဆက်တွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၂၂ ရက်တွင် FC LIBERTA Fukuoka U-12၊ Shonan Bellmare Academy အသင်းတို့နှင့် တစ်ရက်တည်း နှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(NGB)**




## ပရီးမီးယားလိဂ်ရောက် ပထမဆုံး ဂျပန်ဂိုးသမားအဖြစ် ဆူဇူကီး မှတ်တမ်းဝင်

**လန်ဒန် ဩဂုတ် ၂၁**

ပရီးမီးယားလိဂ်တွင် ဂျပန်ကစားသမားများ လာရောက်ကစားဖူးခဲ့ပေမယ့် ဂိုးသမားအနေဖြင့် ကစားဖူးခြင်းမရှိသေးသောကြောင့် ဂိုးသမား ဆူဇူကီးသည် ပရီးမီးယားလိဂ်ရောက် ပထမဆုံး ဂျပန်ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ဂိုးသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ပါးမားအသင်းမှ အက်စတွန်ဗီလာအသင်းသို့ ၂၀၃၀ ပြည့်ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ ရောက်ရှိလာပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဆူဇူကီးသည် ပါးမားအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၉ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဆူဇူကီးက "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ" ဟု ပြောသည်။

**(NGB)**

